သို့
ကုလသမဂ္ဂ အထွေထွေညီလာခံ၏ အဖွဲ့ဝင်နိုင်ငံများ

မိတ္တူ
ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ၊ ၁၇ ရက်

**အိတ်ဖွင့်ပေးစာ - မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့် ရက်စက်ကြမ်းကြုတ်မှုများနှင့်ပတ်သက်၍ စစ်အုပ်စုမှ တာဝန်ယူတာဝန်ခံလာစေရန် ကုလသမဂ္ဂအထွေထွေညီလာခံမှ ခိုင်မာပြတ်သားစွာ အရေးယူ ဆောင်ရွက်ရမည်။**

လေးစားရပါသော ဂုဏ်သရေရှိလူကြီးမင်းများရှင့်/ခင်ဗျား

ကုလသမဂ္ဂအထွေထွေညီလာခံ (UNGA) ၏ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာစစ်တပ်အား နိုင်ငံတကာ ဥပဒေအရ တာဝန်ယူမှုတာဝန်ခံမှု ရှိစေရန်အတွက် ဖြစ်နိုင်ခြေရှိသည့် လမ်းကြောင်းများအားလုံးဖြင့် အချိန်မဆိုင်းဘဲ ပြတ်သားစွာ အရေးယူဆောင်ရွက်ရန် မိမိတို့ မြန်မာ၊ ဒေသတွင်းနှင့် နိုင်ငံတကာ အရပ်ဘက် လူထုအဖွဲ့အစည်း ၄၄၀ ဖွဲ့တို့မှ တောင်းဆိုလိုက်သည်။

စစ်အုပ်စု၏ ပိုမိုဆိုးရွားလာနေသော ရက်စက်ကြမ်းကြုတ်မှု အထူးသဖြင့် လေကြောင်းတိုက်ခိုက်မှုများ၊ ကျေးရွာမီးရှို့ဖျက်ဆီးမှုများ၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ နှင့်ပတ်သက်၍ ခိုင်မာသော သက်သေ အထောက်အထားများ ပါဝင်ဖော်ပြထားသည့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ အစီရင်ခံစာ ကို မိမိတို့မှ ကြိုဆိုထောက်ခံသည်။ မြန်မာနိုင်ငံတွင် ပိုမိုဆိုးရွားလာနေသော အကျပ်အတည်းကို ကိုင်တွယ် ဖြေရှင်းရေးနှင့်စပ်လျဉ်း၍ မဟာမင်းကြီး Volker Türk က စစ်အုပ်စု၏ လုပ်ရပ်များသည် “လူမဆန်သည့် အဆိုးယုတ်ဆုံး ပုံစံဖြစ်နေသည်” ဟု ထုတ်ဖော်ပြောဆိုထားပြီး “စစ်တပ်က ဆယ်စုနှစ်များစွာချီသော ၎င်းတို့ လည်ပတ်လာမှုပုံစံကို ဖော်ပြနေသည့် အပြစ်ပေးအရေးယူခံရမှု လွတ်ကင်းခြင်း သံသရာကို ချိုးဖျက်ပစ်ရန်မှာ ယုံကြည်ဖွယ်ရာ အကြောင်းမရှိ” ဟု အလေးထား ပြောဆိုခဲ့သည်။ နိုင်ငံတကာဥပဒေအောက်တွင် မြန်မာစစ်တပ်ကို တာဝန်ယူတာဝန်ခံခိုင်းမှု မရှိပါက ၎င်းသည် လူမျိုးသုဉ်းသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများကို ဆက်လက်ကျူးလွန်နေမည်မှာ ထင်ရှားပါသည်။ သို့ဖြင့် “မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေ အပြည့်အစုံကို နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) သို့ လွှဲပြောင်းပေးရန်” ကုလသမဂ္ဂလုံခြုံရေးကောင်စီ (UNSC) သို့ တောင်းဆိုထားသည့် မဟာမင်းကြီး၏ တောင်းဆိုမှုကို မိမိတို့မှ တစ်ခဲနက်ထောက်ခံအားပေးသည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် သက်တမ်းတစ်နှစ်နီးပါး ရှိလာပြီဖြစ်သော ခိုင်မာမှုမရှိသည့် မြန်မာနိုင်ငံဆိုင်ရာ UNSC ဆုံးဖြတ်ချက် ၂၆၆၉ အပေါ် မိမိတို့မှ အလွန်အမင်း စိတ်ပျက်မိသည်။ ဤဆုံးဖြတ်ချက်နှင့်အတူ UNSC သည် ကုလသမဂ္ဂပဋိညာဉ် အခန်း ၇ ပါ ၎င်း၏ တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်ရန် လုံးဝပျက်ကွက်ခဲ့ရုံသာမက တရားမျှတမှုနှင့် တာဝန်ယူမှု တာဝန်ခံမှု ရှိလာစေရေး သေချာစွာဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ၏ လက်ရှိအကျပ်အတည်းကို ICC သို့ လွှဲပြောင်းပေးရမည့် ၎င်း၏တာဝန်ကိုလည်း လုံးဝပျက်ကွက်ခဲ့သည်။

ထိုဆုံးဖြတ်ချက်ထဲတွင် "တစ်နိုင်ငံလုံးအနှံ့ ဖြစ်ပွားနေသော အကြမ်းဖက်မှုပုံစံအားလုံးကို ချက်ချင်း ရပ်တန့်ရန်" တောင်းဆိုထားသော်လည်း ထိုဆုံးဖြတ်ချက်ချပြီးချိန်မှစ၍ စစ်အုပ်စုသည် လေကြောင်း တိုက်ခိုက်မှု အနည်းဆုံး ၉၆၅ ကြိမ် လုပ်ဆောင်ခဲ့ပြီး ဖြစ်သည်။[1] ယင်းမှာ ဆုံးဖြတ်ချက်ချမှတ်ပြီးနောက် လေကြောင်း တိုက်ခိုက်မှုပမာဏသည် ၁၅၀ ရာခိုင်နှုန်းသို့ တိုးလာခဲ့ခြင်းဖြစ်သည်။[2] အာဏာသိမ်းရေး ကြိုးပမ်းချိန်မှစ၍ မြေပြင်စစ်ဆင်ရေးများနှင့် မကြာခဏ ပူးတွဲလုပ်ဆောင်လေ့ရှိသော လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများသည် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့အထိစာရင်းအရ လူဦးရေအနည်းဆုံး ၄,၁၄၉ ဦးကို သတ်ဖြတ်ခဲ့ပြီး လူပေါင်း ၁.၇ သန်းကျော်ကိုလည်း ပြည်တွင်း နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်စေခဲ့ခြင်း[3]၏ အကြောင်းရင်းခံ တစ်ရပ် ဖြစ်သည်။ နောက်ဆုံးတိုက်ခိုက်မှုများထဲမှ တစ်ခုမှာ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင်ဖြစ်ပြီး ယခုတစ်ခေါက်သည် ကချင်ပြည်နယ်ရှိ မုန်လိုင်ခက် IDP စခန်းကို အကြမ်းဖက်စစ်အုပ်စုမှ အမြောက်များဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ထိုတိုက်ခိုက်မှုအတွင်း ကလေးသူငယ် ၁၃ ဦးအပါအဝင် အနည်းဆုံး လူဦးရေ ၂၉ ဦး သေဆုံးခဲ့ရပြီး နောက်ထပ်သော ၅၇ ဦးကိုလည်း ဒဏ်ရာရရှိစေခဲ့သည်။ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင် ရသူများအနက် သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးသူငယ်များသည် ထိခိုက်အလွယ်ဆုံးသူများ ဖြစ်ကြပြီး အစားအစာ၊ သောက်သုံးရေ၊ အမိုးအကာနှင့် အခြား မရှိမဖြစ် လိုအပ်ချက်များ လုံလောက်စွာ မရရှိခြင်းကြောင့် ယင်းအခြေအနေကို ပိုမိုဆိုးရွာစေသည်။ ထို့အပြင် မြန်မာစစ်တပ်သည် ပြစ်ဒဏ်ပေးခံရခြင်း လုံးဝမရှိခြင်းကြောင့် မုဒိမ်းမှုကို စစ်လက်နက်သဖွယ် ကာလရှည်ကြာ အသုံးပြုလာနေခဲ့ပြီး အကျဉ်းချခံထားရသည့် နေရာများနှင့် မြေလှန်စစ်ဆင်ရေးများတွင် အထူးသဖြင့်

[1] လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ချမှတ်ပြီးနောက်ပိုင်း ဖြစ်ပွားသော လေကြောင်းတိုက်ခိုက်မှုများကို တွက်ချက်ရာတွင် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ချမှတ်ခဲ့သည့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်မှ ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၂၃ ရက်အတွင်း လေကြောင်းတိုက်ခိုက်မှုများကို Nyan Lynn Thit Analytica ၏ စောင့်ကြည့်လေ့လာမှုကို အသုံးပြု၍ တွက်ချက်ထားပါသည်။

[2] လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ချမှတ်ပြီးနောက်ပိုင်း လေကြောင်းတိုက်ခိုက်မှုမြင့်တက်လာသော ရာခိုင်နှုန်းကို တွက်ချက်ရာတွင် Nyan Lynn Thit Analytica ၏ လေကြောင်းတိုက်ခိုက်မှုများကို စောင့်ကြည့်လေ့လာမှု အချက်အလက်များအား အသုံးပြု၍ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ လ ၂၀ ရက်အတွင်း ဖြစ်ပွားသော နေ့စဉ်လေကြောင်းတိုက်ခိုက်မှု ပျမ်းမျှအရေအတွက်နှင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်မှ ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၂၃ ရက်အတွင်း ဖြစ်ပွားသော နေ့စဉ်လေကြောင်းတိုက်ခိုက်မှု ပျမ်းမျှအရေအတွက်ကို နှိုင်းယှဉ် ဖော်ပြထားခြင်းဖြစ်သည်။

[3] ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး (OCHA) ၏ အရေအတွက်သည် လျှော့ပေါ့တွက်ချက်ထားခြင်း ဖြစ်နိုင်သည်။ ဒေသခံလူမှုအသိုင်းအဝိုင်းများနှင့် တိုက်ရိုက်အဆက်အသွယ်ရှိသည့် ဒေသခံတုံ့ပြန်ဆောင်ရွက်နေသူများ အစီရင်ခံထုတ်ပြန်သည့် အမှန်တကယ် ကိန်းဂဏန်းများက OCHA ၏ အစီရင်ခံစာပါ ခန့်မှန်းတွက်ချက်မှုထက် များစွာမြင့်မားနေသည်။

အမျိုးသမီးများနှင့် အမျိုးသမီးငယ်လေးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် လိင်စိတ်ခံယူမှု ကွဲပြားမှုအပေါ်အခြေခံသော အကြမ်းဖက်မှုများကို ကျယ်ပြန့်စွာ ဆက်လက်ကျူးလွန် နေလျက်ရှိသည်။

ထို့အပြင် "လူသားချင်းစာနာထောက်ထားမှုအကူအညီများကို လိုအပ်နေသူများမှ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် တားဆီးနှောက်ယှက်မှုများမရှိဘဲ ပြည့်ပြည့်ဝဝ လက်လှမ်းမီရရှိနိုင်ရေး" ဆိုသည့် ယင်းဆုံးဖြတ်ချက်၏ တောင်းဆိုမှုအပေါ် စစ်အုပ်စုမှ ပြောင်းတင်းစွာ အလေးမထားဘဲ ၎င်းတို့၏ ဆိုးယုတ်သော ရာဇဝတ်မှုများကြောင့် ထိခိုက်ခံစားနေရသည့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရသူ အသိုင်းအဝိုင်းများအတွက် အသက်ကယ်ဆယ်ရေး ထောက်ပံ့ကူညီမှုများကို ပိတ်ဆို့တားဆီးခြင်း၊ သိမ်းယူခြင်းနှင့် ဖျက်ဆီးခြင်းအားဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လက်နက်သဖွယ် ဆက်လက်အသုံးချလျက်ရှိသည်။ ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်စေခဲ့သော ဆိုင်ကလုန်းမိုခါကဲ့သို့သော သဘာဝဘေးအန္တရာယ်အချိန်မျိုး၌ပင် မြန်မာနိုင်ငံအနောက်ဘက်ဒေသရှိ မုန်တိုင်းဒဏ်သင့် လူမှုအသိုင်းအဝိုင်းများမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လက်လှမ်းမီနိုင်မှု မရှိစေရန် ပိတ်ဆို့တားဆီးခြင်းဖြင့် လူ့အသက်ပေါင်းများကို လုံးဝအလေးမထားဘဲ လျစ်လျူရှုနေကြောင်း သက်သေထူခဲ့သည်။

မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းမှာ ပိုမိုဆိုးဝါးလာနေပြီး UN သည် လွန်ခဲ့သည့် ၂၉ လအတွင်း ၎င်း၏တာဝန်ရှိမှုများကို အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) နှင့် ၎င်း၏ ထိရောက်မှုမရှိသော ဘုံသဘောတူညီချက်ငါးရပ် (5PC) ထံ လွှဲပြောင်းခဲ့ခြင်းအပေါ် မိမိတို့မှ အလွန်အမင်း စိတ်ပျက်မိပါသည်။ ဤဒေသတွင်း အာဆီယံအဖွဲ့ကြီးနှင့် ၎င်း၏လက်ရှိချဉ်းကပ်မှုသည် မြန်မာနိုင်ငံ၏ အကျပ်အတည်းကို အဆုံးသတ်ရန်အလို့ငှာ တိကျခိုင်မာသော အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရန် သိသိသာသာ ပျက်ကွက်ခဲ့ရုံမျှမက နိုင်ငံတကာအသိုင်းအဝိုင်း၏ ထင်သာမြင်သာသော လုပ်ဆောင်ချက်များကို ဟန့်တားရန်အတွက်သာ ဖြစ်နေသည်။ အမှန်စင်စစ်တွင် မြန်မာနိုင်ငံ၏ အကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရေးအတွက် UN မှ ကူညီပံ့ပိုးပေးရန် အာဆီယံကိုယ်တိုင်က အတိအလင်း တောင်းဆိုထားပြီး ဖြစ်သည်။ UN သည် မြန်မာနိုင်ငံ၏ ဘက်ပေါင်းစုံအကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရာတွင် ကျရှုံးနေသော အာဆီယံ 5PC ၏ နောက်တွင် ပုန်းအောင်း နေခြင်းကို ရပ်တန့်ကာ တိကျခိုင်မာသော လုပ်ဆောင်ချက်များဖြင့် မြန်မာပြည်သူများကို အကာအကွယ်ပေးရေးဖြစ်သော ၎င်း၏ တာဝန်ကို ဆောင်ရွက်ရမည် ဖြစ်သည်။

ရက်စက်ကြမ်းကြုတ်သည့် မြန်မာစစ်အုပ်စု၏ လက်ထဲတွင် မြန်မာပြည်သူများ၏ အသက်များ ဆုံးရှုံးနေရခြင်းကို ရပ်တန့်က ရပ်ပစ်ရမည်ဖြစ်ပြီး ကျူးလွန်ခံရသူများနှင့် ရှင်သန်ကျန်ရစ်သူများအတွက် တရားမျှတမှုကို ဆောင်ကြဉ်းပေးရန်အတွက် ဆက်လက်စောင့်ဆိုင်းနေရန် မသင့်တော့ပေ။ မြန်မာစစ်တပ်ကို တရားစွဲဆိုပြီး ၎င်းတို့ကျူးလွန်ထားသည့် လူမျိုးသုဉ်းသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများအတွက် တာဝန်ယူတာဝန်ခံခိုင်းမှု မရှိသေးသမျှကာလတွင် ၎င်းသည် ဆယ်စုနှစ်

နှင့်ချီသော ပြစ်ဒဏ်ကင်းလွတ်ခွင့်ကို ဆက်လက်ရရှိနေမည်ဖြစ်သည့်အလျောက် အကြမ်းဖက်မှုများကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ကျူးလွန်နေဦးမည်ဖြစ်ပြီး ထောင်နှင့်ချီသော အသက်အိုးအိမ်များသည်လည်း ဆက်လက်ဆုံးရှုံးနေကြရဦးမည် ဖြစ်သည်။

သို့ဖြစ်ပါ၍ UNSC မှ ကုလသမဂ္ဂပဋိညာဉ် အခန်း ၇ အရ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ရန်အတွက် ၎င်းတို့တွင် ရှိသမျှသော နိုင်ငံရေးနှင့် နည်းပညာဆိုင်ရာ လမ်းကြောင်းများနှင့် ယန္တရားများအားလုံးကို အသုံးပြုရန်အတွက် UNGA နှင့် ၎င်း၏အဖွဲ့ဝင်နိုင်ငံအသီးသီးမှ အင်တိုက်အားတိုက် အကြံပြုတိုက်တွန်းကြရန် မိမိတို့မှ အလေးအနက်ထား အရေးတကြီး ထပ်မံတောင်းဆိုလိုက်သည်။ ယင်းကဲ့သို့သော ဆုံးဖြတ်ချက်မှတစ်ဆင့် မြန်မာနိုင်ငံ အခြေအနေကို ICC သို့ လွှဲပြောင်းပေးရန် သို့မဟုတ် အထူးခုံရုံးတစ်ခု တည်ထောင်ပေးရန်၊ မြန်မာစစ်အုပ်စုနှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများအပေါ် စီးပွားရေးအရ ထိရောက်ပြင်းထန်ပြီး ပူးပေါင်းဆောင်ရွက်မှုရှိသော ပစ်မှတ်ထား ဒဏ်ခတ်ပိတ်ဆို့ အရေးယူမှုများ ချမှတ်ရန်၊ စစ်အုပ်စုထံ လက်နက်၊ လေယာဉ်ဆီနှင့် စစ်ဘက်-အရပ်ဘက်နှစ်မျိုးသုံး ပစ္စည်းများ စီးဆင်းနေမှုအား အဆုံးသတ်ရန်အတွက် ကျယ်ပြန့်စွာ သက်ရောက်မှုရှိသည့် လက်နက်တင်ပို့ရောင်းချမှု ပိတ်ပင်ရေးတို့ကို လုပ်ဆောင်ရန် လိုအပ်သည်။ အလားတူပင် UNGA သည် ၎င်း၏ အဖွဲ့ဝင်နိုင်ငံများ၊ အေဂျင်စီများနှင့် ယန္တရားများမှ စစ်အုပ်စုအား တရားဝင်မှု ပံ့ပိုးနေခြင်းများ ရပ်တန့်ရေး၊ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုရှိသော ပစ်မှတ်ထား ဒဏ်ခတ်ပိတ်ဆို့အရေးယူမှု အသစ်အသစ်များ ထပ်မံချမှတ်ရေး၊ လက်နက်စီးဆင်းမှု ဖြတ်တောက်ရေး၊ အာဂျင်တီးနား၊ ဂျာမနီ၊ နှင့် တူရကီနိုင်ငံများတို့ အပါအဝင် နိုင်ငံတကာတရားစီရင်ပိုင်ခွင့်အောက်တွင် တာဝန်ယူမှု တာဝန်ခံမှုဆိုင်ရာ ကြိုးပမ်းမှုများအတွက် ဘဏ္ဍာရေး၊ နိုင်ငံရေးနှင့် နည်းပညာဆိုင်ရာပံ့ပိုးမှုများ ထောက်ပံ့ပေးရေး တို့အတွက် အကြံပြုတိုက်တွန်းရန် မိမိတို့မှ တိုက်တွန်းတောင်းဆိုလိုက်သည်။

မြန်မာနိုင်ငံ၏ အကျပ်အတည်းသည် မတွေးနိုင်လောက်သည်အထိ ပျက်သုဉ်းမှုအဆင့်သို့ ဆိုက်ရောက်နေပြီ ဖြစ်သောကြောင့် UNSC ၏ ဆုံးဖြတ်ချက်ကို ချက်ချင်းအကောင်အထည် ဖော်ဆောင်ရွက်ရန် UN အဖွဲ့ဝင်နိုင်ငံများ၏ ဦးဆောင်မှုကို မိမိတို့မှ မျှော်လင့်သည်။ ဆုံးဖြတ်ချက် ချမှတ်ရာတွင် တရုတ် သို့မဟုတ် ရုရှားနိုင်ငံက ဗီတိုအာဏာဖြင့် ပယ်ချခဲ့မည်ဆိုပါက ၂၀၂၂ ခုနှစ်တွင် ယူကရိန်းနိုင်ငံအရေးနှင့် ပတ်သက်၍ UNGA မှ ခိုင်မာပြတ်သားသည့်ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့သကဲ့သို့ပင် ယခုတစ်ချိန်တွင်လည်း ယင်းကဲ့သို့ ဆုံးဖြတ်ချက်ကို ချမှတ်မည်ဟု မြန်မာပြည်သူလူထုများက လုံးဝဥဿုံ မျှော်လင့်ပါသည်။

UN အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဆုံးဖြတ်ချက်ချမှတ်ရေးအတွက် တစ်လုံးတစ်စည်းတည်း တောင်းဆိုခြင်းနှင့်အတူ မြန်မာနိုင်ငံတစ်ဝှမ်း ပိုမိုဆိုးရွားလာနေသော လူသားချင်းစာနာထောက်ထားမှု အကျပ်အတည်း ဒဏ်ခံရသူများအပေါ် တုံ့ပြန်ဆောင်ရွက်မှုများက လုံလောက်ပြီး ထိရောက်မှုရှိကာ ပြည်သူများအပေါ် အန္တရာယ် မကျရောက်စေရေးကိုလည်း ချက်ချင်းသေချာစွာဆောင်ရွက်ရမည် ဖြစ်သည်။ အသက်အန္တရာယ်များသည့်တိုင် ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းများကို ဦးဆောင်မှုနှင့် ဝန်ဆောင်မှု ပေးနေသည့် အမျိုးသမီးအများအပြားပါဝင်သော

ဒေသခံပြည်သူများ ဦးဆောင်သည့် ရှေ့တန်းရှိ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်နေသူများအတွက် နယ်စပ်ဖြတ်ကျော် လမ်းကြောင်းများမှတစ်ဆင့် နိုင်ငံရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးကူညီမှုများကို တိုးမြှင့်ပေးရမည်ဖြစ်ပြီး တစ်ချိန်တည်းတွင် UN အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အကူအညီထောက်ပံ့မှုများကို ပံ့ပိုးပေးရာတွင် စစ်အုပ်စုနှင့် မည်ကဲ့သို့သော မိတ်ဖက်ဆက်ဆံမှုကိုမဆို ရပ်ဆိုင်းရမည်ဖြစ်သည်။

UNGA နှင့် ၎င်း၏အဖွဲ့ဝင်နိုင်ငံများသည် မြန်မာပြည်သူများအတွက် ၎င်းတို့၏တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရမည့်အချိန် ကျရောက်နေပြီး ဖြစ်သည်။ UNGA နှင့် အဖွဲ့ဝင်နိုင်ငံများသည် နည်းလမ်းအစုံဖြင့် တရားမျှတမှုနှင့် တာဝန်ယူမှုတာဝန်ခံမှု ရှိလာစေရေးကို ဖြစ်နိုင်ခြေရှိသည့် နည်းလမ်းများအားလုံးမှ ဖော်ဆောင်၍ ဒေသခံပြည်သူများ ဦးဆောင်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများကို ခိုင်မာအားကောင်းစေရန် ပံ့ပိုးပေးခြင်းနှင့် ဖက်ဒရယ်ဒီမိုကရေစီအရေး လိုလားသော မြန်မာပြည်သူများ၏ စိတ်ဆန္ဒကို မမိုတ်မသုန် ထောက်ခံအားပေးရမည် ဖြစ်သည်။

### **ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်**

- ဒေါ်ခင်ဥမ္မာ၊ ရှေ့ပြေးအသံအဖွဲ့၊ info@progressive-voice.org
- မဂရေ့စ်၊ မြောင်လူငယ်ကွန်ရက်၊ gracecelly2021@gmail.com
- မော်ဖရေမြာ၊ ကရင်နီအမျိုးသမီးအစည်းအရုံး၊ praymyarmaw@gmail.com
- နိုင်အဲမွန်၊ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၊ auemon@rehmonnya.org
- စောနန္ဒဆူး၊ ကရင်လူ့အခွင့်အရေးအဖွဲ့ ၊ hsue@khrg.org

### **ဤအိတ်ဖွင့်ပေးစာကို အမည်မဖော်ပြလိုသောအဖွဲ့အစည်း ၇၁ ဖွဲ့အပါအဝင် မြန်မာ၊ ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းပေါင်း ၄၄၀ ဖွဲ့တို့က လက်မှတ်ရေးထိုးထားသည်။**

1. 5/ of Zaya State Strike
2. 8888 Generation (New Zealand)
3. Action Against Myanmar Military Coup (AAMMC) Sydney
4. Action Committee for Democracy Development (Coalition of 14 grassroots networks)
5. Action Committee of Basic Education Students (ACBES)
6. Active Youths Kalaymyo
7. Ah Nah Podcast - Conversations with Myanmar
8. All Arakan Students’ & Youth’ Congress
9. All Arakan Youth Organization Network

10. All Aung Myay Thar San Schools Strike Force
11. All Burma Democratic Front in New Zealand
12. All Burma Federation of Student Unions (Monywa District)
13. All Burma Indigenous People Alliance
14. All Burma Student Democratic Front - Australia Branch
15. All Young Burmese League (AYBL)
16. Alliance of Students' Union – Yangon (ASU-Yangon)
17. ALTSEAN-Burma
18. Anti Dictatorship in Burma - DC Metropolitan Area.
19. Anti-coup Forces Coordination Committee (ACFCC - Mandalay)
20. Anti-Junta Alliance Yangon-AJAY
21. Anti-Myanmar Dictatorship Movement
22. Anti-Myanmar Military Dictatorship Network (AMMDN)
23. Arakan CSO Network
24. ASEAN Parliamentarians for Human Rights (APHR)
25. Asia Justice and Rights (AJAR)
26. Asian Forum for Human Rights and Development (FORUM-ASIA)
27. ASORCOM - Alternative Solutions for Rural Communities
28. Assistance Association for Political Prisoners
29. Association of Human Rights Defenders and Promoters
30. Athan - Freedom of Expression Activist Organization
31. Auckland Kachin Community NZ
32. Auckland Zomi Community
33. Aung San Su Kyi Park, Norway
34. Australia Burma Friendship Association, Northern Territory
35. Australia Karen Organization WA Inc.
36. Australia Myanmar Doctors, Nurses and Friends
37. Australia Myanmar Youth Alliance (AMYA)
38. Australian Burmese Muslim Organisation
39. Australian Chin Community (Eastern Melbourne Inc)
40. Australian Karen Organisation (AKO)
41. AWDO (Nagphe)

42. A-Yar-Taw People Strike
43. Ayeyarwaddy West Development Organisation (AWDO)
44. Bamar Community Tasmania
45. Basic Education General Strike Committee (BEGSC)
46. Basic Education Worker Unions - Steering Committee (BEWU-SC)
47. Blood Money Campaign
48. BMT counselling
49. Boat People SOS
50. Burma Academy
51. Burma Action Ireland
52. Burma Campaign UK
53. Burma Canadian Network, Peace for Burma (Vancouver-Canada)
54. Burma Civil War Museum
55. Burma Human Rights Network (BHRN)
56. Burma Lawyers' Council (BLC)
57. Burma Support
58. Burmese Community - South Australia
59. Burmese Community Development Collaboration (BCDC)
60. Burmese Community Group (Manawatu, NZ)
61. Burmese Community Support Group (BCSG)
62. Burmese Friendship Association
63. Burmese Medical Association Australia (BMAA)
64. Burmese Rohingya Organisation UK
65. Burmese Rohingya Welfare Organisation New Zealand
66. Burmese Women's Union (BWU)
67. Campaign for a New Myanmar
68. Canberra Karen Association
69. CAN-Myanmar
70. CDM Medical Network (CDMMN)
71. Chanmyatharzi Township People's Strike
72. Chaung Oo Township Youth Strike Committee
73. Chin Community - South Australia

74. Chin Community in Norway
75. Chin Community of Auckland
76. Chin Community of Western Australia Inc.
77. Chin Community Tasmania
78. Chin Human Rights Organization
79. Chin Youth Organization
80. Chindwin (West) Villages Women Strike
81. CIVICUS: World Alliance for Citizen Participation
82. Civil Information Network (CIN)
83. Civil Rights Defenders
84. Civil Society Organizations Coordination Committee (Monywa)
85. Coalition Strike Committee – Dawei
86. Co-operative University Mandalay Students' Strike
87. CRPH & NUG Supporters Ireland
88. CRPH Funding Ireland
89. CRPH Support Group, Norway and members organizations
90. CRPH, NUG Support Team Germany - Deutschland
91. CRPH/NUG support group Australia
92. CSOs Nexus Consortium – Tanintharyi
93. Daung Sitthe Strike
94. Dawei (Ashaetaw) Women Strike
95. Dawei Youths Revolutionary Movement Strike Committee
96. Democracy for Burma
97. Democracy, Peace and Women's Organization
98. Democratic Party for a New Society, Norway
99. Democratic Youth Council
100. Depayin Township Revolution Steering Committee
101. Depayin Women Strike
102. Dhobama (2021 Generation)
103. Doh Atu - Ensemble pour le Myanmar
104. East Bago – Former Political Prisoners Network
105. Educational Initiatives Prague

106. Equality Myanmar
107. Ethnic Youth General Strike Committee (Mandalay)
108. Falam Community - South Australia
109. Families and Friends of LGBTIQA+ in Myanmar (PFLAG-Myanmar)
110. Federal Corner
111. Federal Myanmar Benevolence Group (NZ)
112. Federation of General Workers Myanmar (FGWM)
113. Former Political Prisoners and New Generation Group – Monywa
114. FORUMCIV - Sweden
115. Free Burma Campaign (South Africa)
116. Free Rohingya Coalition
117. Future Light Center
118. Future Thanlwin
119. Gangaw Women Strike
120. Gender Equality Network
121. General Strike Collaboration Committee (GSCC)
122. General Strike Committee of Basic and Higher Education (GSCBHE)
123. General Strike Committee of Nationalities (GSCN)
124. Generation Wave
125. Global Myanmar Spring Revolution
126. Grass-root People
127. Human Rights Educators Network
128. Human Rights Foundation of Monland
129. Incorporated Organization Shilcheon Bulgyo
130. Industrial Training Centre (ITC) Family Sydney
131. Industries Strike
132. Info Birmanie
133. Initiatives for International Dialogue (IID)
134. Inle Federal Democracy Moment (IFDM)
135. Inle Woman Union (IWU)
136. Inlihtan Peninsula Tenasserim
137. Institute for Asian Democracy

138. Integria, z.u. Prague
139. Inter Pares
140. International Association, Myanmar-Switzerland (IAMS)
141. International Campaign for the Rohingya
142. JASS (Just Associates)
143. JMC Inn Lay
144. Joint Action Committee for Democracy in Burma (JACDB)
145. Justice 4 Myanmar - Hope & Development
146. Justice For Myanmar
147. Kachin Association Australia
148. Kachin Association Norway
149. Kachin Association of Australia WA Inc.
150. Kachin Student Union
151. Kachin Women Association Thailand
152. Kachin Women Network
153. Kalay Township Strike Committee
154. Kalay Women Strike
155. Karen Community - South Australia
156. Karen Human Rights Group
157. Karen Peace Support Network
158. Karen Swedish Community (KSC)
159. Karenni Association - Norway
160. Karenni Civil Society Network
161. Karenni Community of Western Australia Inc.
162. Karenni Federation of Australia
163. Karenni Human Rights Group
164. Karenni National Women's Organization
165. Karenni Society New Zealand
166. Kayah State Students Union
167. Kayan New Generation Youth
168. Kayin Community Tasmania
169. K'cho Ethnic Association

170. Keng Tung Youth
171. Korean Civil Society in Support of Democracy in Myanmar (106 organizations nationwide)
172. Kyae Lak Myay
173. Kyain Seikgyi Spring Revolution Leading Committee
174. Kyauktada Strike Committee
175. La Communauté Birmane de France
176. Latpadaung Region Strike Committee
177. Legal Aid for Human Rights
178. LGBT Alliance
179. LGBT Alliance Myanmar (Kalay Region)
180. LGBT Alliance Myanmar (Kyaukse Region)
181. LGBT Community Yangon
182. LGBT Union – Mandalay
183. MAGGA Initiative
184. Magway People's Revolution Committee
185. Maharaungmyay Township People's Strike
186. Mandalar University Students' Strike
187. Mandalay Alliance Coalition Strike
188. Mandalay Medical Family (MFM)
189. Mandalay Regional Youth Association Revolution Core Group
190. Mandalay Strike Force (MSF)
191. Mandalay Women Strike
192. Mandalay Youth Strike
193. Mandalay-based People's Strike
194. Mandalay-Based University Students' Unions (MDY_SUs)
195. Matu Burma Foundation
196. Matu Chin Community - South Australia
197. MayMyo Strike Force
198. Metta Campaign
199. Milk Tea Alliance - Friends of Myanmar
200. Min Hla Farmers Group
201. Minbu Farmers Group

202. Mindat Chin Community NSW
203. Mindat Community - South Australia
204. Mizo Community - South Australia
205. Mon Association - Norway
206. Mon Families Group
207. Mon National Council (MNC)
208. Monywa - Amyint Road Strike Leading Committee
209. Monywa LGBT Strike
210. Monywa People's Strike Steering Committee
211. Monywa Women Strike
212. Monywa-Amyint Road Women Strike
213. Multi-Religions Strike
214. Muslim Youth Network
215. Mya Taung Strike
216. Myanmar Accountability Project
217. Myanmar Anti-Military Coup Movement in New Zealand
218. Myanmar Baptist Churches in Norway
219. Myanmar Buddhist Community of South Australia
220. Myanmar Campaign Network
221. Myanmar Catholic Community In Norway
222. Myanmar Community Coffs Harbour (MCC)
223. Myanmar Community Group Christchurch New Zealand
224. Myanmar Community Group Dunedin New Zealand
225. Myanmar Community in Norway
226. Myanmar Cultural Research Society - MCRS
227. Myanmar Democracy and Peace Committee (Australia)
228. Myanmar Democratic Movement (MDM)
229. Myanmar Diaspora Group Finland
230. Myanmar Engineering Association of Australia (MEAA)
231. Myanmar Engineers - New Zealand
232. Myanmar Gonye (New Zealand)
233. Myanmar Hindu Community - Norway

234. Myanmar Institute of Information Technology Students' Strike
235. Myanmar Labor Alliance (MLA)
236. Myanmar Muslim Organization - Norway
237. Myanmar People Alliance (Shan State)
238. Myanmar People Residing in Canberra
239. Myanmar Refugee Policy Group
240. Myanmar Students' Association Australia (MSAA)
241. Myanmar Students' Union in New Zealand
242. Myanmar Teachers' Federation
243. Myaung Youth Network
244. Myingyan Civilian Movement Committee
245. Nelson Myanmar Community Group New Zealand
246. Netherlands Myanmar Solidarity Platform
247. Network for Human Rights Documentation - Burma (ND-Burma)
248. Network of University Student Unions – Monywa
249. New Zealand Doctors for NUG
250. New Zealand Karen Association
251. New Zealand Zo Community Inc.
252. NLD Organization Committee (International) Norway
253. NLD Solidarity Association (Australia)
254. No Business With Genocide
255. No.12 Basic Education Branch High School (Maharaungmyay) Students' Union
256. Norway Falam Community
257. Norway Matu Community
258. Norway Rawang Community
259. NRFF - New Rehmonnya Federated Force
260. NSW Karenni (Kayah) Communities
261. Nyan Lynn Thit Analytica
262. OCTOPUS (ရေဘဝဲ)
263. Overseas Mon Association New Zealand
264. Padauk Finland - Myanmar Association
265. Pale Township People's Strike Steering Committee

266. Parents, Families and Friends of LGBTIQA+ in Myanmar (PFLAG - Myanmar)
267. Patriotic War Veterans of Burma (PWVB)
268. Perth Myanmar Youth Network
269. Political Prisoners Network – Myanmar
270. Progressive Karenni People Force (PKPF)
271. Progressive Voice
272. Pwintphyu Development Organisation
273. Pyi Gyi Tagon Strike Force
274. Pyit Taing Htaung Social Club
275. Pyithu Gonye (New Zealand)
276. Queensland Kachin Community (QKC)
277. Queensland Myanmar Youth Collective (QMYC)
278. Queensland Rohingya Community
279. Rangoon Scout Network - RSN
280. Red Campaign Nirvana Exhortation Group
281. Remonya Association of WA (Mon Community)
282. Representative Committee of University Teacher Associations (RC of UTAs)
283. Rohingya Community in Norway
284. Rural Community Development Society
285. Rvwang Community Association New Zealand
286. Samgha Sammaga-Mandalay
287. Save and Care Organization for Ethnic Women at Border Areas
288. Save Myanmar - USA
289. Save Myanmar Fundraising Group (New Zealand)
290. Save Myanmar San Francisco
291. Seinpann Strike
292. Shan Community (New Zealand)
293. Shan MATA
294. Shwe Pan Kone People`s Strike Steering Committee
295. Shwe Youth Democratic Alliance (SYDA)
296. Sitt Nyein Pann Foundation
297. Social Garden

298. Southcare Medical Centre
299. Southern Youth Development Organization (SYDO)
300. Spring Friends
301. Spring Sprouts
302. Spring Traveller
303. Student Voice
304. Sujata Sisters Group (NZ)
305. Support for Myanmar
306. Support Group for Democracy in Myanmar (Netherlands)
307. Swedish Burma Committee
308. Swedish Foundation for Human Rights
309. Swiss Burma Association (ASB)
310. Sydney Friends for Myanmar Unity
311. Synergy - Social Harmony Organization
312. Ta Mar Institute of Development
313. Ta'ang Women's Organization
314. Tamar Institute of Development
315. Tanintharyi MATA
316. Tanintharyi Nationalities Congress
317. Taze Strike Committee
318. Taze Women Strike
319. Tenasserim Student Unions' Network
320. Thakhin Kodaw Mhine Peace Network (Monywa)
321. Thayat Chaung Women Strike
322. The 88 Generation Peace and Open Society (Monywa)
323. The Commission for the Disappeared and Victims of Violence (KontraS)
324. The Helpers for Perfect Democracy (HPD)
325. The Institution of Professional Engineers Myanmar (IPEM)
326. The Ladies
327. The Mindanao Peacebuilding Institute Foundation, Inc. (MPI)
328. Twitter Team for Revolution (TTFR)
329. U.S. Campaign for Burma

330. Union of Karenni State Youth (UKSY)
331. United Myanmar Community of South Australia
332. University Students’ Unions Alumni Force
333. Victorian Burmese Care Community (VBCC)
334. Victorian Myanmar Youth (VMY)
335. Volunteers in Myanmar
336. We Pledge CDM (Australia)
337. Western Australia Myanmar Community (WAMC)
338. Western Australia Myanmar Democratic Network (WAMDN)
339. Wetlet Revolution Leading Committee
340. Wetlet Township Women Strike
341. White Coat Society Yangon (WCSY)
342. Women Activists Myanmar (WAM)
343. Women Advocacy Coalition – Myanmar
344. Women Alliance Burma (WAB)
345. Women’s League of Burma
346. Women’s Peace Network
347. Yadanabon University Students’ Union (YDNBUSU)
348. Yadanar Foundation
349. Yangon Women Strike
350. Yasakyo Township People`s Strike Steering Committee
351. Yinmarpin and Salingyi All Villages Strike Committee
352. Youth for Democratization of Myanmar (UDM)
353. Youth Heart Beams
354. Zo Community - South Australia
355. Zomi Association Australia Inc.
356. Zomi Christian Fellowship of Norway
357. Zomi Community - South Australia
358. Zomi Community Queensland
359. ကန့်ဘလူမြို့နယ် အထွေထွေသပိတ်
360. ကရင်နီပြည်စစ်ဘေးရှောင်ကူညီစောင့်ရှောက်ရေးကွန်ယက်
361. ခုနစ်စဉ်ကြယ်အဖွဲ့

362. ဒို့မြေကွန်ရက် - LIOH

363. နားဆင်သူများအဖွဲ့

364. ပဉ္စမမဏ္ဍိုင်

365. ပွင့်ဖြူလယ်ယာမြေကွန်ရက်

366. မျက်မှောက်ခေတ်

367. မျိုးဆက်-Generations

368. ယောဒေသစစ်ဘေးရှောင်ကူညီရေးအဖွဲ့

369. ရပ်ဝန်းသစ် (Yat Wun Thit)